# အသိပေးကြေညာချက် ( ၈ /၂၀၂၄)

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၆ ရက်

၁။ မြန်မာနိုင်ငံအတွင်းတင်သွင်းလာသည့် သွင်းကုန်ပစ္စည်းတန်ဖိုးများ ဈေးနှုန်းမှန်ကန်မှုရှိစေရန်ရည်ရွယ်၍ အကောက်ခွန်ဦးစီးဌာနနှင့် ကုန်သွယ်ရေးဦးစီးဌာနတို့ ပါဝင်ဖွဲ့စည်းထားသည့် သွင်းကုန်တန်ဖိုးစိစစ်ရေးအဖွဲ့က သွင်းကုန်ပစ္စည်းများ HS Code လိုင်း ၃၇၃ လိုင်း၊ ကုန်ပစ္စည်းအမျိုးအမည် ၃,၂၇၉ မျိုးအတွက် သွင်းကုန်ရည်ညွှန်းဈေးနှုန်းများ စိစစ်ပြုစုထားပါသည်။

၂။ အထက်ဖော်ပြပါကုန်ပစ္စည်းများအတွက် သွင်းကုန်လိုင်စင် လျှောက်ထားရာတွင်လည်းကောင်း ၊ သွင်းကုန်ကြေညာလွှာဖွင့်လှစ်ရာတွင်လည်းကောင်း ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့မှစ၍ ကုန်စည်အလိုက် သတ်မှတ်ထားသော သွင်းကုန်ရည်ညွှန်းဈေးနှုန်းအတွင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ သွင်းကုန်ရည်ညွှန်းဈေးနှုန်းများကို အခါအားလျော်စွာ ပြန်လည်သုံးသပ်၍ ပြင်ဆင်ထုတ်ပြန်မှုများ ပြုလုပ်သွားမည်ဖြစ်ပါသည်။

**ကုန်သွယ်ရေးဦးစီးဌာန**